CULTURAL

# ကျွန်တော်တို့အားလုံး "သစ်ပင်စိုက်သူ" လုပ်ကြစို့

## မြန်မာ့သတင်းထောက်များမွမ်းမံသင်တန်း ဖွင့်ပွဲတစ္ဆန်းတစ

လူတိုင်းလူတိုင်း၏ မျက်နှာပေါ်တွင် ရယ်ရယ်ပြုံးပြုံးဖြစ်မိသည်။ ၄င်းတို့သည် နွေဦးမြို့ဟုခေါ်စမှတ်ပြုကြသည့် ကူမင်းမြို့၌ ရိုးသားဖြူစင်မှုနှင့်နွေးထွေးမှုကို ခံစားခဲ့ကြသည်။ ဂရုတစိုက်နားဆင်ကြ၊ တက်ကြွစွာပါဝင်ခဲ့ကြသည်။ ၄င်းတို့သည် အရည်အချင်းပြည့်မီသော "နိုင်ငံတကာသင်တန်းသူ၊ သင်တန်းသားများ" ဖြစ်ကြသည်။ ၄င်းတို့သည် မြန်မာနိုင်ငံရှိ အဓိကမီဒီယာ(၁၅)ခုမှ ရောက်ရှိလာကြသည့် အယ်ဒီတာချုပ်၊ သတင်းထောက်များဖြစ်ကြသည်။ တရုတ်နိုင်ငံသို့ရောက်ရှိလာကြသည့် ဒုတိယအသုတ် သတင်းထောက်များမွမ်းမံသင်တန်းမှ သင်တန်းသူ၊ သင်တန်းသားများဖြစ်ကြသည်။

မေလ ၂၀ရက်နေ့ နေ့လည်တွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ "ပြည်ပသို့ လျှောက်လှမ်းသွားခြင်း" နှစ်(၂၀)ပြည့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲနှင့်တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံတကာသတင်းပြန့်ပွားမှုလူချွန်လူကောင်းများလေ့ကျင့်မွေးထုတ်ရေးစင်တာ၏ ဖွင့်ပွဲအခမ်းအနားကို ယူနန်နော်မန်တက္ကသိုလ် ချင်ကုန့်ကျောင်းခွဲတွင် ကျင်းပခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာ့သတင်းထောက်များ မွမ်းမံသင်တန်းကိုလည်း ယင်းနေ့တွင်ပင် ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံရန်ကုန်မီဒီယာများအုပ်စုမှရောက်ရှိလာသည့်သက်ဆိုင်ရာတာဝန်ရှိသူ ဇော်ဝင်းခိုင်က "ဒီတစ်ကြိမ်အပါအဝင် ကျွန်တော်ယူနန်ပြည်နယ်ကို လေးကြိမ်တိုင်ရောက်ရှိလာခဲ့ပြီးဖြစ်ပါတယ်။ ယူနန်ပြည်နယ် မီဒီယာတို့ရဲ့ကြိုးစားမှုကို ကျွန်တော်တွေ့မြင်ခဲ့ရတယ်။ ဒီတစ်ကြိမ်ခရီးဟာ ကျွန်တော်တို့က တရုတ်နိုင်ငံရဲ့ တိုးတက်မှုနဲ့ရိုးရာဓလေ့များကို မြန်မာ့မီဒီယာများအားထိတွေ့ခံစားစေတဲ့ အခွင့်ကောင်းဖြစ်ပါတယ်" ဟု ဝမ်းသာစွာပြောသည်။ သင်တန်းသူ သင်တန်းသားအယောက်(၂၀)တို့သည် "ဒေသတွင်း အပြန်အလှန်ယုံကြည်မှုထဲမှမီဒီယာအင်အား"ကို ဆောင်ပုဒ်အဖြစ်ထားသောဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ပြီးနောက် ဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြခဲ့ကြသည့် မီဒီယာများအပြန်အလှန်ယုံကြည်မှုနှင့် မီဒီယာချင်းအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို လိုက်လှဲစွာထောက်ခံပေးခဲ့သည်။ မြန်မာနိုင်ငံရှိ ဓူဝံကြယ်(Arctic Star)မဂ္ဂဇင်းမှ အယ်ဒီတာချုပ် ဦးဝင်းတင်သည် ယင်းမွမ်းမံသင်တန်းမှ သင်တန်းသူ၊ သင်တန်းသားများကိုယ်စား ဆွေးနွေးပြောကြားခဲ့သည်။ ၄င်းသည် တရုတ်နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာပေါ်တွင်ရပ်တည်လာပြီး တရုတ်-မြန်မာချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် လူမှုရေးယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်ရန်အတွက်လည်း အားထုတ်လုံးပမ်းလျက်ရှိသည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းသာမိကြောင်း ဖော်ပြထားသည်။ မီဒီယာများအပြန်အလှန် ယုံကြည်ရန်အကြောင်းနှင့် ပတ်သက်၍ဦးဝင်းတင်သည် "မြန်မာနိုင်ငံမှာ ဆိုရိုးစကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့ 'သစ်ပင်စိုက်ပျိုးသူရှိသလို သစ်ပင်ခုတ်လှဲသူလည်းရှိပါတယ်'တဲ့။ ကျွန်တော်တို့မီဒီယာသမားများအနေနဲ့ ယုံကြည်စိတ်ချမှုကို ပြန့်ပွားသွားကြရမယ်၊ ယုံကြည်စိတ်ချမှုကင်းမဲ့တဲ့ သတင်းအချက်အလက်များပြန့်ပွားကြသူများကို ဖျောင်းဖျကြရမယ်။ ကျွန်တော်တို့ 'သစ်ပင်စိုက်ပျိုးသူ'ကို လုပ်ကြပါစို့" ဟု အလှိုက်တလှဲပြောသည်။

《Traveler》မဂ္ဂဇင်းမှ ရောက်ရှိလာသည့် သတင်းထောက် နန်းလေးကလည်း အများနှင့်တကွ ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ ယခုအကြိမ် မွမ်းမံသင်တန်းမှ တွေ့မြင်ခဲ့သမျှအကြောင်း၊ သင်ကြားခဲ့သမျှပညာများကို မြန်မာနိုင်ငံသို့ မိတ်ဆက်ပေးမည်ဟု ပြောကြားသွားသည်။

တရုတ်နိုင်ငံသတင်းထောက်များအသင်းချုပ် အတွင်းရေးမှူးရုံးမှ အတွင်းရေးမှူးဖြစ်သူ ကျူစို့ချင်က မြန်မာ့သတင်းထောက်များ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသွားသည့်အတိုင်း "နိုင်ငံချင်းဆက်ဆံလျှင် ပြည်သူချင်းရင်းနှီးမှုအခြေခံပေါ်တွင် မူတည်ရမည်။ ပြည်သူချင်းရင်းနှီးလိုလျှင် စိတ်ချင်းဆက်သည့်အခြေခံပေါ်တွင် မူတည်ရမည်။ မီဒီယာများအနေနှင့် နိုင်ငံအချင်းချင်း ဆက်ဆံရေး၊ ပြည်သူများအကြားစိတ်ချင်းဖလှယ်ရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍထဲပါဝင်နေသည်။

တရုတ်-မြန်မာနှစ်နိုင်ငံသတင်းထောက်များသည် နှစ်နိုင်ငံချစ်ကြည်ရေး၏ မျက်မြင်သက်သေများ၊ မှတ်တမ်းတင်သူများဖြစ်ကြသည်။ နှစ်နိုင်ငံချစ်ကြည်ရေး၏ တိုးမြှင့်ပေးသူနှင့်တွန်းအားပေးသူများဖြစ်ကြသည်"။ ပါဝင်တက်ရောက်ခြင်း၊ အပြန်အလှန်လည်ပတ်ခြင်း၊ သင်ကြားလေ့လာခြင်းတို့သည် မည်သည့်အခါမှပြတ်တောက်မှုမရှိခဲ့သည့်တရုတ်-မြန်မာမီဒီယာများက ချစ်ကြည်ရင်းနှီးစွာဆက်ဆံရာတွင် အပြန်အလှန်သိရှိ နားလည်လာရန်၊ ပိုမို ချစ်ခင်ရင်းနှီးလာရန် ဆောင်ရွက်ချက်များဖြစ်သည်။

